အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၈

၁၈ ဇူလိုင် ၂၀၂၃

## လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဒုတိယဝန်ကြီးခန့်အပ်

**ဇွန် ၃၀**



အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးအဖြစ် လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုနှင့် ရိုဟင်ဂျာအရေး ဆောင်ရွက်နေသူ ဦးအောင်ကျော်မိုးအား ဇွန်လ ၃၀ ရက်တွင် တရားဝင်ခန့်အပ်လိုက်ပြီ ဖြစ်သည်။

ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရသည့် ဦးအောင်ကျော်မိုးသည် ၎င်းခန့်အပ်ခံရသည့် ဝန်ကြီးဌာန အကြံပေးအဖြစ် ၂၀၂၁ ခုနှစ်ကတည်းက တာဝန်ယူ ဆောင်ရွက်ခဲ့သူ ဖြစ်ကာ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး ဆောင်ရွက်ချက်များကြောင့် ပြင်သစ်အစိုးရ၏ လူ့အခွင့်အရေးဆု (CNCDH 2019)၊ ဥရောပသမဂ္ဂ – EUက ပေးအပ်သည့် Schuman Award by the European Union in Myanmar (2019) ဆု အပါအဝင် နိုင်ငံတကာဆုပေါင်း လေးခု ချီးမြှင့်ခံထားရဖူးသူလည်း ဖြစ်သည်။

အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်စင်တာ လွတ်လပ်မှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ Fellowship ၊ သမ္မတအိုဘားမား၏ Leaders Asia-Pacific Leaders Fellowship ၊ အမေရိကန် ငြိမ်းချမ်းရေး အင်စတီကျူနှင့် ဘုန်းတော်ကြီး ဒလိုင်းလားမား Fellowship ကျောင်းဆင်းတစ်ဦးလည်း ဖြစ်သည်။

ပြည်ထောင်စု ဒုတိယဝန်ကြီးသည် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ လူသားချင်းစာနာမှု ဆိုင်ရာ လု်ပငန်းများအပြင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာ၊ ထိုင်း၊ အာဖဂန်နစ္စတန်နှင့် လိုက်ဘေးရီးယားနိုင်ငံတို့ရှိ ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအမျိုးမျိုး၌ ၁၅ နှစ်ကျော်ကြာ လုပ်ကိုင်ခဲ့ဖူးသူလည်း ဖြစ်သည်။




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -


- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။


MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဇူလိုင်လ ၁ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဇူလိုင်လ ၁ ရက်နေ့မှ ၁၆ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများ




## “ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီးပြီး တနေရာနဲ့ တနေရာသွားလာဖို့ ကြိုးစားတာကို ပြစ်မှုတခုလို့ ခေါင်းစဉ်တပ်ပြီး ရိုဟင်ဂျာတွေကို ဖမ်းဆီးထောင်ချနေပါတယ်”

ဇူလိုင် ၁၀

“မိမိရဲ့ နိုင်ငံကိုပိုမိုကောင်းမွန်တဲ့အနေအထား၊ ဒီမိုကရေစီ စံချိန်စံညွှန်းတွေနဲ့အညီ အပြည့်အဝကျင့်သုံးတဲ့နိုင်ငံ၊ တိုးတက်တဲ့နိုင်ငံဖြစ်ဖို့ ကျွန်တော်တို့နိုင်ငံသားတိုင်း လုပ်ဆောင်ဖို့တာဝန်ရှိတယ်။…။ မြန်မာနိုင်ငံမှာမွေး မြန်မာနိုင်ငံမှာကြီးပြီး တစ်နေရာနဲ့ တစ်နေရာကို သွားလာဖို့ကြိုးစားတာကို ပြစ်မှုတခုလို့ ခေါင်းစဉ်တပ်ပြီး ရိုဟင်ဂျာတွေကို ဖမ်းဆီးထောင်ချနေပါတယ်” - ဦးအောင်ကျော်မိုး (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊အမျိုးသားညီညွတ်ရေးအစိုးရ (PVTV ၏ တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)



ဆောင်းပါးကဏ္ဍ

# နိုင်ငံတကာက အလုပ်နဲ့ သက်သေပြချိန်ရောက်ပြီ

**ဇူလိုင် ၉**

၅၃ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကုလသမဂ္ဂဆိုင်ရာ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးနဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးအရာရှိ မစ္စတာတွမ်အန်ဒရူးနှစ်ဦးလုံးက သူတို့ရဲ့ အစီရင်ခံစာကို တင်သွင်းခဲ့ပါတယ်။

သူတို့နှစ်ယောက်တင်သွင်းတဲ့တင်ပြချက်တွေထဲမှာ ထူးခြားတဲ့ အချက်တွေနဲ့အတူ တူညီတဲ့ အချက်တွေ ပါဝင်တာရှိပါတယ်။

ပထမဦးဆုံး တူညီတဲ့အချက်တွေကတော့ နှစ်ဦးစလုံးရဲ့ တင်ပြချက်တွေထဲမှာ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပွားနေတဲ့ လူ့အခွင့် အရေးဆိုင်ရာ၊ ရာဇဝတ်မှုဆိုင်ရာ၊ အကြမ်းဖက်မှု ဆိုင်ရာအမှုတွေဟာ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သတ်မှတ်မှုတွေနဲ့ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ တွေကို ဆိုးဆိုးဝါးဝါး ချိုးဖောက်တဲ့အဆင့်ကို ရောက်ရှိနေပြီလို့ ခိုင်ခိုင်မာမာဆိုထားကြပါတယ်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရဲ့ ပြောကြားချက်ထဲမှာ အခုအချိန်ထိဖမ်းဆီးခံနေရတဲ့ လူပေါင်း ၁၉,၀၀၀ ကျော် ရှိနေတယ်။ ဒါ့အပြင် သတ်ဖြတ်ခံရတဲ့သူတွေနဲ့ မတရားနှိပ်စက် ညှင်းပန်းခံရတဲ့ သူအရေအတွက်တွေကို ကိုးကားပြီးတော့ ဖော်ပြသွားပါတယ်။

မစ္စတာတွမ်အန်ဒရူးရဲ့ တင်ပြချက်ထဲမှာတော့ အရင်က သူတင်ပြခဲ့တဲ့ ကလေးသူငယ်ဆိုင်ရာ တင်ပြချက်တွေထဲမှာ ပါခဲ့တဲ့အတိုင်းပဲ ကလေးပေါင်း ၈၀၀ ကျော် သေဆုံးခဲ့တယ်။ ကလေးပေါင်း ၃၈၇ဦးဟာ အခုအချိန်ထိ ထောင်ထဲမှာ ဖမ်းဆီးခံ နေရတုန်းပဲ။ ကလေးပေါင်း ၈ဦးကတော့ မိသားစုဝင်တွေ ဖမ်းမမိတဲ့အတွက် ဓားစာခံဖမ်းဆီးခံရတယ်ဆိုတဲ့ အကြောင်း အရာတွေ။ ဒါ့အပြင် ကလေးပေါင်း ၆၈၀,၀၀၀ကျော်ဟာ အခုချိန်မှာ နေအိမ်ကနေစွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင် နေရတဲ့ကိစ္စတွေ၊ ဒါ့အပြင်လူသားချင်းစာနာမှု အကူအညီ လိုအပ်နေတဲ့ ကလေးပေါင်း ၅.၈သန်းရှိတယ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။

ဒီအချက်တွေကို ကိုးကားပြီး မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေး အခြေအနေတွေက ပိုမိုဆိုးရွားသထက်ဆိုးရွားလာနေတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ပြည်သူတွေရဲ့ လက်ရှိတိုက်ပွဲဝင် နေမှုအပေါ်ကို လေးစားဂုဏ်ယူချီးကျူးထားကြပါတယ်။ ဒါ့အပြင် နိုင်ငံတကာအနေနဲ့ ဒီလိုအခြေအနေဆိုးတွေကို အမြန်ဆုံးရပ်တန့်နိုင်ဖို့အတွက် အရေးယူဆောင်ရွက်မှုတွေကို ဒီထက်ပိုမိုပြီးတော့ ပြင်းထန်စွာလုပ်ဆောင်ဖို့ အချိန် ရောက်နေပြီဆိုတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံပြည်သူတွေရဲ့ ဘဝတွေက ပိုမိုဆိုးရွားနိုင်တယ်၊ နိုင်ငံတကာရဲ့ အရေးယူ ဆောင်ရွက်မှုက မဖြစ်မနေ အရေးတကြီးလိုအပ်နေပြီ ဖြစ်ကြောင်းကို တင်ပြပြောဆိုသွားခဲ့ကြပါတယ်။

သူတို့နှစ်ဦးစလုံးရဲ့ တင်ပြချက်ကို ခြုံငုံပြီးပြောရမယ်ဆိုရင် တော့ လူ့အခွင့်အရေးဆိုင်ရာတာဝန်ရှိတဲ့ ကုလသမဂ္ဂအရာရှိ များရဲ့ ပြောကြားချက်တွေ ဖြစ်တဲ့အတွက် ရရှိထားတဲ့ အချက်အလက်တွေကို ကိုးကားပြီးပြောဆိုတာတင်မကဘဲနဲ့ လူ့အခွင့်အရေးနဲ့ မြန်မာနိုင်ငံပြည်သူတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စတွေကို စာနာနားလည်တဲ့ လူသားဆန်သော သူနှစ်ဦးရဲ့ ရင်ထဲကခံစားရတဲ့အကြောင်းအရာတွေ၊ ပြည်သူတွေ အတွက် အားမလိုအားမရဖြစ်တဲ့အသံတွေ၊ နိုင်ငံတကာရဲ့

အရေးယူဆောင်ရွက်မှုအပိုင်း နှေးကွေးမှုတွေကို ထောက်ပြလိုတဲ့အသံတွေ ပါဝင်နေတာကို တွေ့ရှိနိုင်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရဲ့ ပြောကြားချက်ထဲမှာဆိုရင်တော့ အခုမကြာမီကဖြစ်ပွားခဲ့တဲ့ ဆိုင်ကလုန်းမိုခါဟာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရတာ တင်မကဘဲ လူသားချင်းစာနာမှု အကူအညီတွေကို ငြင်းပယ်တဲ့ စစ်အုပ်စုရဲ့လုပ်ဆောင်မှုကြောင့် ပိုမိုထိခိုက်ခဲ့တဲ့အကြောင်း ထောက်ပြသွားပါတယ်။ ဒါတင်မကဘဲနဲ့ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့မှာ ပန်းပန်လို့၊ ပန်းရောင်းလို့ ဖမ်းခံထိတဲ့ကိစ္စက တစ်ကယ့်ကို မဖြစ်သင့်တဲ့ကိစ္စ၊ ဆိုးရွားတဲ့ကိစ္စတစ်ခုအနေနဲ့ ထုတ်ဖော်ပြီးတော့ ပြောကြားသွားပါတယ်။

မစ္စတာတွမ်အန်ဒရူးကတော့ သူ့အနေနဲ့ နိုင်ငံတကာကို မေးခွန်းထုတ်လိုတဲ့အကြောင်းရှိပါတယ်လို့ဆိုပါတယ်။

မေးခွန်းနံပါတ်တစ်ကတော့ အခုလိုမျိုးဖြစ်ပျက်နေတဲ့ အဖြစ်တွေကို ပြောင်းလဲအောင်ဘယ်လိုလုပ်ဆောင်နိုင်မလဲ။

မေးခွန်းနှစ်ကတော့ နိုင်ငံတကာ အစည်းအဝေးတွေက မြန်မာပြည်သူတွေလို ခံစားရသူတွေအတွက် အခွင့်အရေးတွေပြန်ရအောင် လုပ်ပေးနိုင်မလားဆိုတဲ့ မေးခွန်းပါဘဲ။

ဒီမေးခွန်းတွေဖြေနိုင်ဖို့ လက်ရှိ အကြမ်းဖက်စစ်ကောင်စီကို အဓိကပိတ်ဆို့မှု (၃)ခုဖြစ်တဲ့ လက်နက်၊ ငွေ၊ တရားဝင်မှုဆိုတဲ့ ပိတ်ဆို့မှုတွေ လုပ်ဆောင်ဖို့ဆိုတဲ့အကြောင်း တိုက်တွန်းသွားပါတယ်။ နိုင်ငံအလိုက် လုပ်ဆောင်မှုတွေရှိပေမဲ့ ဒီထက်ပိုမိုပြီးတော့ ပူးပေါင်းဆောင်ရွက်ပြီး နည်းလမ်းတကျနဲ့ လုပ်ဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိဖို့လိုအပ်တယ်ဆိုတဲ့ အကြောင်းကို ထောက်ပြသွားပါတယ်။

ထူးခြားချက်ကတော့ မကြာမီကချမှတ်ခဲ့တဲ့ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်လောက်နဲ့ မလုံလောက်တော့ဘူး လုံခြုံရေးကောင်စီအနေနဲ့ အခုလိုမျိုး အကြမ်းဖက်မှုတွေ ၊ ရာဇဝတ်မှုတွေကျူးလွန်နေတဲ့ အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာခုံရုံးအထိ လွှဲပြောင်းပေးအပ်ဖို့အတွက် လုပ်ဆောင်သင့်တယ်ဆိုတဲ့အကြောင်းကို ဖော်ပြသွားခြင်းဖြစ်ပါတယ်။

ဒီအချက်တွေကိုကြည့်မယ်ဆိုရင်တော့ လူ့အခွင့်အရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့သူတွေရဲ့ ပြောကြားချက်တွေ၊ ရှုံ့ချချက်တွေ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လုပ်ဆောင်ဖို့အတွက် တောင်းဆိုချက်တွေက အရှိန်အဟုန်မြင့်လာပါတယ်။

ဒါပေမဲ့ တဖက်ကလည်း ကုလသမဂ္ဂမှာပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ်မှာ အမှန်တကယ် ပြုပြင်ပြောင်းလဲလိုတဲ့ နိုင်ငံရေးစိတ်ဓာတ်တွေ (Political Will) အားနည်းနေတယ်ဆိုတာကို ထောက်ပြနေပါတယ်။

နောက်တစ်ခုက နိုင်ငံတွေအနေနဲ့ တစ်ဦးချင်း၊ တစ်နိုင်ငံချင်းထက်စာလို့ရှိရင် ပူးပေါင်းလုပ်ဆောင်ပြီး လုပ်ဆောင်ဖို့အရေးကြီးတယ်ဆိုတဲ့အကြောင်း ဖော်ပြနေပါတယ်။


ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် ဒီဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဒုက္ခရောက်နေတဲ့ ရိုဟင်ဂျာများကို ကူညီဖို့အတွက် လိုအပ်တယ်ဆိုတဲ့အကြောင်း၊ ဒါပေမဲ့ ကူညီပါလို့ဆိုတဲ့နိုင်ငံတွေအနေနဲ့လည်း ကူညီဖို့ပြောဆိုရုံတင်မကဘဲနဲ့ တကယ်လက်တွေ့ကျတဲ့ အကူအညီတွေ ပေးနိုင်ဖို့အတွက် လုပ်ဆောင်ဖို့လိုအပ်တယ်ဆိုတဲ့အကြောင်း ဥပမာပေးပြီးတော့ ဖော်ပြထားပါတယ်။

နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံအရေးကို စိတ်ဝင်စားမှုရှိပါတယ်။ မြန်မာနိုင်ငံအရေးကို ဆွေးနွေးမှုကို ကျေးဇူးတင်ပါတယ်။ ဆွေးနွေးရုံတင်မကပဲနဲ့ တကယ်ထိရောက်တဲ့ကိစ္စတွေကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့အတွက်၊ ပူးပေါင်းလုပ်ဆောင်မှုတွေရှိဖို့အတွက်၊ လက်တွေ့ကျသော အကူအညီတွေ ပေးဖို့လိုအပ်တယ် ဆိုတဲ့အကြောင်း ဒီကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ တင်ပြသွားတဲ့ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနဲ့ မြန်မာနိုင်ငံလူ့ အခွင့်အရေးဆိုင်ရာအထူးစုံစမ်းစစ်ဆေးရေးအရာရှိတို့ရဲ့ တင်ပြချက်တွေက ထပ်မံပြီးတော့ မီးမောင်းထိုး ဖော်ပြထားပါတယ်။

# 7 July အရေးအခင်းနှင့် ကာယန်းအမျိုးသားလက်နက်ကိုင်တော်လှန်ရေး

ဇူလိုင် - ၇






(၁၉၆၂)ခုနှစ် မတ်လ (၂)ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်ပြီး စစ်တပ်မှ နိုင်ငံတော်အာဏာသိမ်းယူခဲ့သည်။ ထို့နောက် ဂျူလိုင်လ (၃)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ) အဆောက်အဦးအတွင်း ကျောင်းသားများ ၏ ဆန္ဒပြပွဲတရပ်ပေါ်ပေါက်ခဲ့သည်။ ထိုဆန္ဒပြပွဲကို ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ(ဗကသ) နှင့် လူမျိုးစုကျောင်းသားများသမဂ္ဂ တို့ကလည်း ထောက်ခံပါဝင်ခဲ့ကြသည်။

(၁၉၆၂)ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားထုအစည်းအဝေးကြီးအား ခေါ်ဆိုကျင်းပခဲ့ကြသည်။ တကသ၊ ဗကသ နှင့် လူမျိုးစုကျောင်းသားများသမဂ္ဂတို့မှ ကျောင်းသားခေါင်းဆောင်များ ဟောပြောဆွေးနွေးခဲ့ကြသည်။ ညနေတွင် တက္ကသိုလ်နယ်မြေသို့ လုံထိန်းတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးမှုစတင်ခဲ့သည်။ ထိုဖမ်းဆီးခြင်းအား ကျောင်းသား များကလည်း အပြင်းအထန်ကန့်ကွက်တုံ့ပြန် ကြသည်။ ထို့နောက် လုံထိန်းတပ်ဖွဲ့ဝင်များအစား စစ်သားများဖြင့် လဲလှယ်နေရာယူ လာခဲ့သည်။

အသင့်နေရာယူထားသော စစ်သားများမှ ည(၆)နာရီခန့်တွင် ကျောင်းသားများကို မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ပါတော့သည်။ ကျောင်း သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည်။ သေဆုံးဒဏ်ရာရသူ ကျောင်းသားများရာနှင့်ချီခဲ့သည်။ ထို့နောက် မနက် ဂျူလိုင်လ(၈)ရက်မနက်တွင် ကျောင်းသားသမဂ္ဂအဆောက်အဦးအား ဗုံးခွဲဖြိုဖျက်ဆီးပစ်ခဲ့သည်။

မြန်မာ့နိုင်ငံရေးသမိုင်းအဆက်ဆက်တွင် ကျောင်းသားများသည် ရှေ့တန်းမှတက်ကြွစွာ ပါဝင်ဦးဆောင်ခဲ့ခြင်း၊ အရေးပါသော နိုင်ငံရေးခေါင်းဆောင် အတော်များများသည်လည်း ကျောင်းသားထုမှ ပေါ်ထွက်ခဲ့ခြင်းကို ဗိုလ်ချုပ်နေဝင်းမှ မျက်မုန်း ကျိုးနေခဲ့ဟန်ရှိသည်။ အထူးသဖြင့် သူ၏ အာဏာသိမ်းမှုတွင် အာဏာပိုင်ကို ပထမဆုံး ဆန့်ကျင်၊ အာခံသူမှာ ကျောင်းသား များဖြစ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် မတရားမှုကို ခေတ်အဆက်ဆက်တွန်းလှန်ခဲ့သော ကျောင်းသားများကို ကိုလိုနီခေတ်ကစ လွတ်လပ်ရေးရပြီးခေတ်နောက်ပိုင်းအထိ အုပ်ချုပ်သူများကို စုဝေးစိန်ခေါ်လာခဲ့သော နေရာဖြစ်သည့် ကျောင်းသားသမဂ္ဂအဆောက်အဦးကိုဖြိုချဖျက်ဆီးပစ်ခဲ့သည်။

(7 July) အရေးအခင်းသည် သာမာန်အားဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများကို ဗိုလ်ချုပ်နေဝင်း၏ စစ်တပ်က သတ်ဖြတ်ခဲ့သော ပြည်မက အဖြစ်အပျက်တစ်ခုဟု မြင်စရာရှိသည်။

သို့သော် ထိုအရေးအခင်းကာလတွင် အာဏာရှင်ကို အာခံခဲ့သည့်ကျောင်းသားသမဂ္ဂများထဲတွင် လူမျိုးစုကျောင်းသားများသမဂ္ဂ လည်း အပါအဝင်ဖြစ်သည်။ လူမျိုးစုကျောင်းသားများသမဂ္ဂ ၏ ထိုစဉ် အထွေထွေအတွင်းရေးမှူးမှာ ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကယန်းတိုင်းရင်းသား ရွှေအေး (ခ) ငိန်းကယန်းထန် ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံ လူမျိုးစုကျောင်းသားကျောင်းသူများဖြင့် ဖွဲ့စည်းထားသော လူမျိုးစုကျောင်းသားများသမဂ္ဂခေါင်းဆောင်မှုကို ဆုပ်ကိုင်ပြီး ပြည်မမှ ကျောင်းသားများနှင့်အတူ စစ်အာဏာရှင်ကို အန်တုခဲ့သည်။ ထိုစဉ်က ရွှေအေး သည် ရန်ကုန်တက္ကသိုလ်-ကယားပြည်နယ်ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌ လည်း ဖြစ်သည်။

(7 July)ဖြစ်စဉ်တွင် လိုက်လံဖမ်းဆီးခြင်းကြောင့် ရွှေအေး(ခ) ငိန်းကယန်းထန် တိမ်းရှောင်နေခဲ့ရသည်။ ၁၉၆၃ ခုနှစ်အရောက်တွင် စစ်တပ်နှင့် တော်လှန်ရေး အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်များဖြစ်ပေါ်လာခဲ့သည်။ ထိုဖြစ်စဉ်နှင့်အတူ ပြည်သူများ၏ ငြိမ်းချမ်းရေးတောင်းဆိုပွဲများလည်း ပေါ်ထွက်လာသည်။ ထိုလူထုတောင်းဆိုပွဲတွင် ရွှေအေး(ခ) ငိန်းကယန်းထန် လည်း တိုင်းရင်းသားကျောင်းသားလူငယ်များနှင့်အတူ ဦးဆောင်ပါဝင်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်ပျယ်ခဲ့ပြီး လူထုတောင်းဆိုချီတက်ပွဲ ဦးဆောင်သူများကို လိုက်လံဖမ်းဆီးသဖြင့် ရွှေအေး လည်း ထပ်မံတိမ်းရှောင်ရပြန်ပါ သည်။

လက်နက်အားဖြင့် ဖိနှိပ်သောအာဏာရှင်ကို လက်နက်နှင့်သာ တိုက်မှရတော့မည်ဟု ယုံကြည်သဖြင့် ရွှေအေး သည် ကရင့်တော်လှန်ရေးနယ်မြေသို့ သွားရောက်ခဲ့သည်။ ကရင့်တော်လှန်ရေး ခေါင်းဆောင်များက ကယန်းဒေသသို့ ပြန်လည်ပြီး ကယန်းလူမျိုးများကိုလည်း ပြန်လည်စည်းရုံးသင့်ကြောင်းနှင့် ကယန်းတော်လှန်ရေးအဖွဲ့အစည်းတရပ်ထူထောင်ရန် အကြံ ပြုခဲ့ကြသည်။

ကယန်းဒေသသို့ ပြန်လည်ရောက်ရှိလာပြီး လူထုကို စည်းရုံးနေစဉ် လောပိတရေအားလျှပ်စစ်စက်ရုံအတွက် မိုးဗြဲရေကာတာ တည်ဆောက်ရာတွင် ကယန်းပြည်သူများ ထောင်ပေါင်းများစွာ အဓမ္မလုပ်အားပေးခိုင်းစေခံရခြင်း၊ ဖယ်ခုံ၊ စကွယ် စသော ကယန်းကျေးရွာများ (၆၀)ကျော် နှင့် လယ်မြေ၊ ယာမြေ ဧကပေါင်းများစွာ ရေနစ်မြုပ်သွားပြီး ပျက်စီး သွားသော လူထုဘဝကို မျက်ကွယ်ပြုသည့် အုပ်စိုးသူကို မခံမရပ်နိုင်မှု အထွဋ်အထိပ်ရောက်ပြီး ပုန်ကန်ရန်တာစူနေသည့် အချိန်လည်း ဖြစ်နေခဲ့သည်။

ထိုအချိန်တွင်ကိုလိုနီခေတ် လဲဗီးလ်တပ်မှူးတဦးဖြစ်သူ ဗိုလ်ပျန် ၏ ဦးဆောင်မှုဖြင့် ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်၊ ဝါရီ စသော ဒေသများမှ ကယန်းပြည်သူများ တော်လှန်ရေးဆင်နွှဲရန် ပြင်ဆင်ကြသောအခါ (7 July) မှ ရရှိလာသော အာဏာရှင်တော်လှန်ရေးအသိ နှင့်အတူ ကယန်းဒေသတောင်ပိုင်းသို့ တော်လှန်ရေးလုပ်ဖို့ပြန်လာ စည်းရုံးနေသော ရွှေအေး တို့ ပေါင်းစည်းမိခဲ့ကြသည်။

၁၉၆၄ ခုနှစ် ဇွန်လ (၄)ရက်နေ့တွင် ဖယ်ခုံမြို့နယ် ပီကင်း ရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ပြီး ကယန်းအမျိုးသား လက်နက်ကိုင်တော်လှန်ရေးကို စတင်ခဲ့သည်။

နာကျည်းစိတ်အခြေခံဖြင့် လက်နက်ကိုင်တော်လှန်ရေးကို ရေရှည်ဆင်နွှဲလို့မရနိုင်ဟု ဗိုလ်ပျန်နှင့် ရွှေအေး တို့ ယုံကြည်ကြ

သည်။ စနစ်ကျသော ဦးတည်ချက်၊ အခြေခံမူ နှင့် ဦးဆောင်မှု ရှိရန်လိုအပ်သည်ဟု သုံးသပ်ကြသည်။

ကယန်းဒေသ အနှံ့အပြားကို ကူးစက်သွားပြီ ဖြစ်သည့် လက်နက်ကိုင် တော်လှန်ရေး လှုပ်ရှားမှုကို စနစ်တကျ ဦးဆောင်မှုပေးနိုင်ရန် ၁၉၆၄ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် ကယန်းပြည်သစ်ပါတီ(KNLP) ကို ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌ အဖြစ် ဗိုလ်ပျုန်က တာဝန်ယူပြီး ရွှေအေး က အတွင်းရေးမှူးဖြစ်သည်။ အချိန်တိုအတွင်းမှာပင် ကယန်းတော်လှန်ရေးဟာ အလှည့် အပြောင်း များ တွေ့ကြုံရပြီး လူငယ်ဖြစ်သူ ရွှေအေး သည် ကယန်းပြည်သစ်ပါတီ ၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့ရသည်။

တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်း တရပ် ကို ပီပီပြင်ပြင်တည်ဆောက်ရင်း စစ်အာဏာရှင်စနစ်ကို ကယန်းအမျိုးသားများက လူငယ်တဦးသာဖြစ်တဲ့ ရွှေအေး ၏ ဦးဆောင်မှုဖြင့်ရှေ့ဆက်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် နှင့် ပေါင်းလောင်းဒေသ၊ ပျဉ်းမနားအရှေ့ဖက် တောင်တန်းဒေ၊ သံတောင်မြောက်ပိုင်းဒေသ စသော ကယန်း အမျိုးသားများနေထိုင်ရာဒေသများသည် တော်လှန်ရေးနယ်မြေ အဖြစ် ဖြစ်တည်လာခဲ့သည်။

လူမျိုးငယ်တခုရဲ့ တော်လှန်ရေးဖြစ်သဖြင့် အတိုင်းအတာတခု ထိ သေးငယ်ခဲ့သော်လည်း အာဏာရှင်စနစ်ကို ခေါင်းငုံမခံပဲ အခြားတိုင်းရင်းသားများနှင့်တန်းတူ ကယန်းတိုင်းရင်းသားများ တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ၁၉၉၄ ခုနှစ်တွင် နဝတ အစိုးရ၏ အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းချက်ကို လက်ခံပြီး အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးဆွေးနွေးခြင်းဖြင့် တိုင်းပြည် အဖြေရှာရန် စတင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဦးရွှေအေး ကို ဒဏ္ဍာရီလာသူရဲကောင်းဖြစ်သူ ကောင်မအီး၊ အိုက်သထောင် နှင့် ပဒေသရာဇ်ဆန့်ကျင်ရေးခေါင်းဆောင်ဖြစ်သူ ကလိုင်းဖရီး၊ ဖက်ဆစ်ဆန့်ကျင်ရေးကာလ မှ သိုက်ဘဟန် တို့နှင့်တန်းတူ ကယန်းအမျိုးသား ခေါင်းဆောင်အဖြစ် သတ်မှတ်ခံယူလာခဲ့ ကြသည်။

ငိန်းကယန်းထန် အဖြစ် တော်လှန်ရေးအမည်ခံခဲ့သူ ဦးရွှေအေး (ခ) ခွန်းယူဂျင်း သည် 7 July က မွေးထုတ်ပေးလိုက်သည့် အမျိုးကောင်းသား ကျောင်းသားလူငယ်တဦးဖြစ်ပါသည်။ ထို့ကြောင့် သူ၏ဦးဆောင်မှုဖြင့် ဖြတ်သန်းခဲ့သော ကယန်းအမျိုး သားလက်နက်ကိုင်တော်လှန်ရေးသည်လည်း 7 July ၏ သက်ရောက်မှု အစိတ်အပိုင်းတခုအဖြစ် ရည်ညွှန်းမည်ဆိုလည်း ဆိုနိုင်ပါသည်။

ကယန်းပြည်သစ်ပါတီ အပစ်အခတ်ရပ်စဲ ပြီးနောက် ငိန်းကယန်းထန် (ခ) ဦးရွှေအေး သည် လွိုင်ကော်မြို့ နှင့် သိကြိုတ် ကျေးရွာတို့တွင် အခြေချနေထိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်းရေးအချို့ဟာ ပြည်မက နိုင်ငံရေးဖြစ်စဉ်အချို့နဲ့ ဆက်စပ်မှုရှိတတ်ပါသည်။ (၈၈၈၈) အရေးတော်ပုံကြောင့် ကိုယ့်ဒေသကို ပြန်လာတဲ့ ချင်း ကျောင်းသားလူငယ်များရဲ့ ဦးဆောင်မှုနဲ့ ချင်းအမျိုးသား လက်နက်ကိုင် တော်လှန်ရေး ပေါ်လာခဲ့သလို၊ မန္တလေး တက္ကသိုလ် ကျောင်းသားဟောင်းဖြစ်သူ ဗိုလ်ချုပ်ဂွန်မော် သည်လည်း တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ ထဲတွင် ပြည်သူအများရဲ့ချစ်ခင်မှုကို ရရှိသော ထက်မြက်သူ တဦးဖြစ်သည်။

7 July လို အဖြစ်အပျက်ပြီးနောက် အထူးသဖြင့် ၈၈၈၈ အရေးတော်ပုံသည် တိုင်းရင်းသားများနှင့် ဗမာများအကြား ယုံကြည်မှု တစုံတရာ တည်ဆောက်ပေးခဲ့သည့် အဖြစ် အပျက်ဟု ဆိုနိုင်သည်။ ဗမာများလည်း ဖိနှိပ်ခံနေရပါသည်၊ ဘုံရန်သူသည် အာဏာရှင်စနစ်ဖြစ်သည် ဟူသော အသိကို တိုင်းရင်းသားတော်လှန်ရေးနယ်မြေသို့ ရောက်လာသည့် ဗမာကျောင်းသား လူငယ်များကိုကြည့်ပြီး တိုင်းရင်းသားများ တွေးမိလာကြသည်။

တိုင်းရင်းသားနယ်မြေတွင် ကျင်လည်ရင်း ဗမာကျောင်းသား လူငယ်များ နှင့် နိုင်ငံရေးသမားများသည်လည်း တိုင်းရင်းသား များ၏ ခံစားချက်၊ ဖက်ဒရယ်လိုလားချက်များကို လက်ခံ နားလည်လာကြသည်။ ထို့ကြောင့် DAB ကဲ့သို့ တပ်ပေါင်းစုနှင့်

NCUB လို အစုအဖွဲ့များ ပေါ်ထွက်လာခဲ့ပြီး မာနယ်ပလော စာချုပ်ကို ချုပ်ဆိုကာ ပြည်ထောင်စုစနစ်ကို အကောင်အထည် ဖော်ရန် တိုင်းရင်းသားများ၏ သဘောတူညီချက်များ ပေါ်ထွက် လာခဲ့သည်။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရသော်လည်း အာဏာ လွှဲအပ်ခြင်းမခံရသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD ပါတီကို တိုင်းရင်းသားအင်အားစုများ မျှော်လင့်ချက် အမြင့်ဆုံးထားပြီး ဝန်းရံခဲ့ကြသည်။ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရ နိုင်ငံရေးပါတီများစုပေါင်းပြီး ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ကို ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး တို့ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များဖြင့် ပါဝင်ဖွဲ့စည်းခဲ့သည်။

CRPP ဖွဲ့စည်းမှုကို ထောက်ခံကြောင်း ဦးရွှေအေး ဦးဆောင် သည့် ကယန်းပြည်သစ်ပါတီ၊ ဦးစန္ဒာ ဦးဆောင်သာ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)၊ ဗိုလ်တာကလယ် ဦးဆောင်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) တို့ သုံးဖွဲ့က စုပေါင်း ကြေညာခဲ့သည်။ ထိုကြေညာချက်ကြောင့် စစ်တပ်၏ ဖိအား ပေးမှု အကြီးအကျယ် ထိုသုံးဖွဲ့ခံကြရပြီး အပစ်အခတ် ရပ်စဲမှုပျက်ကာ စစ်ပွဲများပြန်လည် ဖြစ်ကြလုဆဲဆဲ ဖြစ်ခဲ့သည်။

ထိုကာလတွင် ဦးရွှေအေး သည်လည်း လွိုင်ကော်မြို့သို့ လာရောက်ခွင့် အပိတ်ပင်ခံရပြီး သိကျိုတ်တွင်သာ နေထိုင်ခဲ့ရပါ သည်။ သိကျိုတ်တွင် နေထိုင်ခဲ့ရချိန်တွင် ဦးရွှေအေးသည် သူနေထိုင်ရာ အိမ်ခြံဝန်းထဲတွင် 7 July အား အောက်မေ့အမှတ် ရသည့်အနေဖြင့် ပိတောက် (၇)ပင်ကို စိုက်ပျိုးခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ဦးရွှေအေး ကွယ်လွန်ပြီးနောက် ကယန်း ပြည်သစ်ပါတီမှ တာဝန်ရှိသူများက ထိုသို့ ပိတောက်ပင်များ ပြိုလဲပျက်စီးတာသိရလျှင် အမြန်ဆုံး အစားထိုးပြီး ပိတောက် (၇)ပင်ပြည့်အောင် ပြန်စိုက်ပေးခြင်း၊ ပြုစုပေးခြင်း လုပ်ပေး ကြသည်။

7 July အထိမ်းအမှတ်အတွက် 7 July အရေးအခင်းကို ဖြတ်သန်းခဲ့ရသူ ကျောင်းသားဟောင်း၊ ကယန်းတိုင်းရင်းသား တော်လှန်ရေးခေါင်းဆောင် တဦးဖြစ်သူ ငိန်းကယန်းထန် (ခ) ဦးရွှေအေး စိုက်ပျိုးသွားသော ဖယ်ခုံမြို့နယ် သိကျိုတ်ကျေးရွာ မှ ပိတောက် (၇)ပင်သည် ယနေ့ထိ ရှင်သန်ဆဲဖြစ်သည်ဆိုသည့် အကြောင်း မျှဝေလိုပါသည်။

# အကြမ်းဖက်စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအား နိုင်ငံတကာသို့ ချပြနိုင်ခဲ့မှုများကို ပြည်သူများထံ ဒုဝန်ကြီး အစီရင်ခံ

ဇူလိုင် ၉

အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အကြမ်း ဖက် စစ်တပ်က ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းထားရှိကာ နိုင်ငံတကာသို့ ချပြနိုင်ခဲ့မှုနှင့် ပတ်သက် သည့် အခြေအနေများ ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က ရုပ်သံဖိုင်ဖြင့် ပြည်သူလူထုအား ရှင်းလင်း တင်ပြခဲ့သည်။

ယင်းတင်ပြမှုအား အချက်အလက်အခြေပြု တင်ပြမှုပုံစံဖြင့် အစီရင်ခံခဲ့ခြင်းဖြစ်ကာ ဒေသအလိုက်၊ ဖြစ်စဉ်အလိုက် ဖော်ပြ ထားသည့်အပြင် ထူးခြားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များကိုလည်း ယင်းရုပ်သံဖိုင်၌ ဖော်ပြထားသည်။

# “အစုလိုက်အပြုံလိုက် လိင်အကြမ်းဖက်မှုကို လုပ်ဆောင်ခံရတာက အမျိုးသမီးငယ်တွေပဲမဟုတ်ဘူး ...သက်ကြီးရွယ်အိုကအစတွေ့ရတယ် ”

**ဇူလိုင် ၈**

“လိင်အကြမ်းဖက်မှုဆိုတာ နေရာတိုင်းမှာ ဖြစ်နိုင်တယ်။ သို့ပေမယ့် ဒီလိုမျိုးဖြစ်တာဟာ လူတစ်ဦးတစ်ယောက်တည်း အပေါ်ပဲ အကျိုးသက်ရောက်တာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင် တစ်ခုလုံး၊ Community တစ်ခုလုံး၊ နောက်ပြီးတော့ နိုင်ငံ တစ်နိုင်ငံ အနေနဲ့ပဲ ဖြစ်ဖြစ်၊ တစ်ကမ္ဘာလုံးပဲ ဖြစ်ဖြစ် ဒါက အကျိုးသက်ရောက်မှုဆိုတာ ရှိတယ်။ လိင်အကြမ်းဖက်မှု ဆိုတာက အလိုမတူ ဘဲနဲ့ပေါ့နော်။ သာမန် အခြေအနေမှာ အမျိုးသားက အမျိုးသမီးကို အကြမ်းဖက်တာလည်း ဖြစ်နိုင် တယ်ပေါ့နော်။ အဲဒီလိုမျိုး မဟုတ်ပဲနဲ့ပဲ အစုအဖွဲ့နဲ့လည်း ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ ဒါက ရှားပါးတဲ့ အနေအထားတစ်ခု ဖြစ်တယ်ပေါ့။ ဒါပေမဲ့ ပဋိပက္ခအတွင်း အကြမ်းဖက်မှုဆိုတာ ကတော့ ရည်ရွယ်ချက်ရှိရှိနဲ့ကို လုပ်တာတွေက ခပ်များများ။ ဒီနေရာမှာ ဘယ်လိုနေရာမျိုးမှာ တွေ့နိုင်သလဲဆို တော့ အခု တော်လှန်ရေးကာလမှာပေါ့နော်။ အခု ပဋိပက္ခကာလမှာ စစ်ကောင်စီတွေကပေါ့နော်။ ကျွန်တော်တို့ မြေပြင်မှာ စစ်ဆင် ရေးထိုးတဲ့အချိန်မှာ ရွာတွေ ရောက်တယ်၊ ဒေသတွေ၊ ပြည်နယ် တွေမှာ ရောက်တဲ့အချိန်မှာ ခုနကပြောတဲ့ ဒီ အစုလိုက် အပြုံလိုက် အမျိုးသမီးငယ်တွေကို တကယ့် လိင်အကြမ်းဖက် မှုကို လုပ်ဆောင်တာကို အများကြီး တွေ့ရှိရတယ်။ အဲဒီအခါ ကျတော့ အထူးသဖြင့် ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အမျိုးသမီး ငယ်တွေပဲ မဟုတ်ဘူးပေါ့နော်။ ခုနက ပြောတဲ့ သက်ကြီးရွယ်အို ကအစ တွေ့ရတယ်ပေါ့နော်၊ အချက်အလက်တွေအရ ဆိုရင်”

- ခွန်းဗဟန်းထန် (ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ) (ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း | Human Rights Barometer - Episode 17 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)

# "မီးရှို့လိုက်တော့ ပေါက်ကွဲပြီး ခန္ဓာကိုယ်က အကုန်စုတ်ပြတ်ပြီး တပိုင်းစီဖြစ်သွားတာ”

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ နဘဲကြူး ကျေးရွာအား အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ အင်အား ၆၀ ခန့်က ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ နံနက်အစောပိုင်းက ရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ဒေသခံ အမျိုးသားသုံးဦးအပြင် လက်နက်ကြီး ထိမှန်ထားသည့် ရဲဘော် အောင်ဇင်ဖြိုးတို့အား ဖမ်းဆီး၍ နှိပ်စက်မေးမြန်းပြီးနောက် လူမဆန်စွာ မီးရှို့သတ်ဖြတ်ခဲ့သည်။

အဆိုပါ စစ်ကြောင်းမှာ စစ်ကိုင်းမြို့အခြေစိုက် တပ်မ – ၃၃ မှ ဖြစ်၍ နဘဲကြူးကျေးရွာအထွက် တောထဲ၌ ဆိတ်ကျောင်း နေစဉ် ဖမ်းဆီး သတ်ဖြတ်ခံရခြင်းဖြစ်သည်။ ၎င်းတို့မှာ သားအဖ တော်စပ်သူ ဦးစန်းဝင်းနှင့် မောင်ဖိုးကြောင်၊ ဦးစန်းဝင်းနှင့် တူတော်စပ်သူ ကိုကျော်သူအောင်တို့ ဖြစ်သည်။ ရဲဘော် အောင်ဇင်ဖြိုးမှာ ကျေးရွာအတွင်းသို့ အကြမ်းဖက်စစ်ကောင်စီ စစ်ကြောင်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ထိမှန် ကာ ဒဏ်ရာရထားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ နှိပ်စက်

စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ပြီးနောက် ရက်စက်စွာ မီးရှို့ သတ်ဖြတ်ပစ်လိုက်ခြင်း ဖြစ်သည်။

၎င်းအကြမ်းဖက်စစ်ကောင်စီ စစ်ကြောင်းသည် နဘဲကြူး မှ တစ်ဆင့် မကျီးကန်ရွာသို့ ထွက်သွားပြီးနောက် ညအိပ်ရပ်နားပြီး ဇူလိုင်လ ၇ ရက်တွင် ဂုံညင်းဆိပ်ရွာသို့ ဝင်ရောက်ကာ အပြစ်မဲ့ ပြည်သူများပိုင် နေအိမ် ၁၈၈ လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

“စစ်ကြောင်းကတော့ နန်းတွင်းကနေလာတဲ့ စစ်ကြောင်းချည်းပဲ။ နဘဲကြူးရွာက စာသင် ကျောင်းမှာ နေတယ်။ နဘဲကြူးက အထွက်ကို တောထဲရှိတဲ့ ဆိတ်ကျောင်းတဲ့ သားအဖနှစ်ယောက် လေ ဦးဆန်းဝင်းရယ်၊ ကိုဖိုးကြောင်တို့ သားအဖ။ပြီးကျတော့ နဘဲကြူးမှာ အိမ်ထောင်ကျတဲ့ တူတစ်ယောက် ကျော်သူအောင်

တဲ့၊ သူတို့ ၃ ယောက်ကို ခေါ်သွားတာ။ ဓားစာခံခေါ်သွားပြီး မြင်းခြံဘက် မရောက်ခင်လေး နဘဲကြူးက ထွက်လာတဲ့ စစ်ကြောင်းတွေက လက်နက်ကြီးနဲ့ ထုသေးတယ်လေ။ ဒီရဲဘော် တစ်ယောက်ကျတော့ ခြေထောက်နာနေတော့ သူမပြေးနိုင်ဘူး။ သူကတော့ မိသွားတယ်။

ရွာပြင် ကွဲခြံဘေးမှာ မီးရှို့ခံလိုက်ရတာ။ ဟို သုံးယောက် အရင်သတ်တာ၊ သတ်ပြီးမှ သူ့ကိုစစ်။ စစ်ပြီးမှ သူ့ကိုသတ်တာ။ နောက်ပြီးတော့ မီးရှို့တယ်။ ပြီးကျတော့ သူတို့ပစ်တဲ့ လက်နက်ကြီးအမြောက်ဆံတွေလေ ၆၀-မမ အသီးတို့၊ အဲဒီအသီးတွေရော ပြီးတော့ ကလေးက ၃ လုံးကျည် Gun တစ်လက်ပါတယ်လေ။ Gun ရော အဲဒါတွေရော အကုန် မီးထဲထည့်ရှို့လို့ ပြောတာ။ မီးရှို့လိုက်တော့ ပေါက်ကွဲပြီးတော့ ခန္ဓာကိုယ်က အကုန်စုတ်ပြတ်ပြီး တစ်ပိုင်းစီဖြစ်သွားတာ" - ကိုထွန်း (သတင်းပြန်ကြားရေး၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး)

*(စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ နဘဲကြူးကျေးရွာအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ဒေသခံ သုံးဦးနှင့် ရဲဘော်တစ်ဦးအား စစ်ကိုင်းအခြေစိုက် တပ်မ – ၃၃ လက်အောက်ခံ အကြမ်းဖက်စစ် ကောင်စီ တပ်ဖွဲ့က ရက်စက်စွာ ပစ်ခတ်၊ မီးရှို့ သတ်ဖြတ်မှုနှင့် ဂုံညင်းဆိပ်ရွာရှိ အပြစ်မဲ့ပြည်သူများပိုင် နေအိမ် ၁၈၈ လုံးအား မီးရှို့ဖျက်ဆီး ခဲ့မှုနှင့် ပတ်သက်၍ မြင်းမူမြို့နယ်၊ သတင်းပြန်ကြားရေး တာဝန်ခံ ကိုထွန်းအား ဆက်သွယ်မေးမြန်းထားခြင်း)*

# ထုတ်ဖော်ပြောကြားရုံတင် မလုံလောက်တော့ဘူး နိုင်ငံတကာအရေးယူဖို့ လိုအပ်ပြီ

**ဇူလိုင် ၁၀**

“ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှာ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး တွန်အန်ဒရူးက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ပြောကြားနေရုံနဲ့ မရတော့ဘူး အရေးယူဆောင်ရွက်ဖို့ အချိန်ရောက်နေပြီ၊ အကြမ်းဖက်စစ်ကောင်စီရဲ့ ကျူးလွန်မှုတွေကို ရပ်တန့်ဖို့ ကျူးလွန်မှုနဲ့ပတ်သက်လို့ တာဝန်ယူမှု တာဝန်ခံမှုကို အကောင်အထည်ဖော်ဖို့ ပြောကြားခဲ့ပါတယ်။ တာဝန်ယူမှု တာဝန်ခံမှုအကြောင်းပြောကြားခဲ့ချိန်မှာ ချမှတ်ခဲ့တဲ့ လုံခြုံရေး ကောင်စီရဲ့ ဆုံးဖြတ်ချက်တင်မကတော့ပဲ လုံခြုံရေးကောင်စီ အနေနဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာရာဇဝတ်မှု တရားရုံးကို တင်သွင်းနိုင်ဖို့ လွှဲပြောင်းနိုင်တဲ့လမ်းကြောင်းကို အသုံးပြုဖို့ လမ်းကြောင်း အသုံးပြုဖို့အချိန်ရောက်နေပြီဆိုတာက တိကျပြီး အရေးပါတဲ့ ပြောကြားချက်ဖြစ်တယ်။ ...။ လုံခြုံရေးကောင်စီ ဆိုတာက ဗီတိုအာ ဏာသုံးတဲ့နိုင်ငံတွေပေါ်မူတည်နေပါတယ်။ လုံခြုံရေးကောင်စီကို အလှည့်ကျ သဘာပတိလုပ်တဲ့ နိုင်ငံ ပေါ်လည်းမူတည်ပါတယ်။ ဒီနိုင်ငံက မြန်မာ့အရေးကို ဒီ့ထက်ပိုမိုအကောင်အထည်ဖော်ဖို့ အစည်းအဝေးခေါ်တာ၊

အဆိုတင်သွင်းတာ၊ ဆုံးဖြတ်ချက်ကျအောင်လုပ်ဆောင်နိုင်တဲ့ အခရာဖြစ်တယ်။ အခုသဘာပတိအလှည့်ကျတဲ့ ဖြိတိန်နိုင်ငံက သူ့ပြောကြားချက်နဲ့ တာဝန်ယူတဲ့အချိန်နဲ့ ကိုက်ညီနေတာဟာ ကျွန်တော်တို့အတွက် ဆက်လက်ကြိုးပမ်းဖို့ အချိန်ကောင်း ဖြစ်နေပါတယ်။...။ ...။ ICC ကိုတင်နိုင်ဖို့ လမ်းကြောင်း ၃ ခုရှိပါတယ်။

(၁) ရောမစာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံဖြစ်ရမယ် ဆိုတဲ့လမ်းကြောင်း။ (ဒါပေမဲ့ မြန်မာနိုင်ငံအနေနဲ့ လက်မှတ် မထိုးထားသေးပါ။)

(၂) လုံခြုံရေးကောင်စီကနေပြီး ဒီနိုင်ငံမှာ ကျူးလွန်မှုတွေ ဖြစ်ပြီဆိုရင် ICC ကို လွှဲပြောင်းတဲ့လမ်းကြောင်း။

(၃) နိုင်ငံရဲ့ အစိုးရက ICC တရားရုံးကို မိမိနိုင်ငံရဲ့ အရေးကိစ္စကို လာရောက် ကိုင်တွယ်ဖြေရှင်းစေတဲ့လမ်းကြောင်း။

ပြီးခဲ့တဲ့ လုံခြုံရေးကောင်စီက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်က နှစ်ပေါင်း (၇၀)အတွင်းမှာ မြန်မာနိုင်ငံကို ပထမဦးဆုံးချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်အရေးယူဆောင်ရွက်ဖို့ဆိုတာ မပါခဲ့လို့ အခုအစည်းအဝေးမှာ တင်သွင်းခဲ့တာတော့ ဒီလောက်နဲ့ မလုံလောက်တော့ဘူး။ ...။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ကို မလိုက်နာရင် စီးပွားရေး ပိတ်ဆို့မှု၊ လက်နက်တင်ပို့မှုပိတ်ဆို့ခြင်း၊ အစိုးရ ၂ ရပ်ရှိလာတဲ့အခါ ပြည်သူလက်မခံဘဲရာဇဝတ်မှုကျူးလွန်နေတဲ့ သူကို အစိုးရလို့ အသိအမှတ်မပြုပဲ ပြည်သူထောက်ခံတဲ့ အစိုးရကို အစိုးရအဖြစ်အသိအမှတ်ပြုခြင်းဆိုတဲ့ သံတမန်ရေး ဆိုင်ရာလမ်းကြောင်းနဲ့ ကုလသမဂ္ဂလုံခြုံရေး တပ်ဖွဲ့တွေကို စေလွှတ်ပြီး အဲ့ဒီနိုင်ငံရဲ့ ပြဿနာကိုကာကွယ်အောင် လုပ်ဆောင်တဲ့ ငြိမ်းချမ်းရေး ထိန်းသိမ်းပေးခြင်းဆိုတဲ့ လမ်းကြောင်းတွေ အမျိုးမျိုးတော့ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေက ဒီလမ်းကြောင်းတွေအားလုံး ရှိလာနိုင်ပါတယ်။ တခြားနိုင်ငံအပေါ်လုပ်နိုင်ခဲ့တယ်ဆိုတဲ့ အစဉ်အလာ လည်းရှိပြီးသားဖြစ်တယ်" - ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG) (DVB News နှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)

## "မြေပြင်တိုက်ပွဲတွေမှာ ထိခိုက်မှုနဲ့ ဆုံးရှုံးမှုများတိုင်း အပြစ်မရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေကို Target ထားပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုတွေလုပ်ဆောင်လေ့ရှိပါတယ်"

ဇူလိုင် ၁၂

"အကြမ်းဖက် စစ်ကောင်စီအနေနဲ့ မြေပြင်တိုက်ပွဲတွေမှာ ထိခိုက်မှုနဲ့ ဆုံးရှုံးမှုများတိုင်း အပြစ်မရှိတဲ့ စစ်ဘေးရှောင်ပြည်သူတွေကို Target ထားပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုတွေ လုပ်ဆောင်လေ့ရှိပါတယ်။ ဒီလို စစ်ရာဇဝတ်မှုတွေ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေတာတွေကို နိုင်ငံတကာ အနေနဲ့ ထိရောက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေ၊ အရေးယူမှုတွေ လုပ် ဆောင်ပေးနိုင်ဖို့ ကျနော့်အနေနဲ့ ကျနော်တတ်နိုင်သည့်ဘက်က အတတ်နိုင်ဆုံး ဆက်လက် ကြိုးစားသွားပါ့မယ်လို့ ပြောလိုပါတယ်" - ခွန်းဗဟန်းထန်၊ (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG) (ဇူလိုင်လ ၁၁ ရက်က ကရင်နီပြည်နယ်တွင်းရှိ နေရာနှစ်ခုအား အကြမ်းဖက် စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်ခဲ့၍ အရပ်သားနှစ်ဦး သေဆုံးကာ ငါးဦးဒဏ်ရာရပြီး ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦနှင့် အပြစ်မဲ့ပြည်သူပိုင်နေအိမ်များ ပျက်စီးရမှုအပေါ် တုံ့ပြန်ချက်)

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

**၃,၇၉၃**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၃,၇၉၃ ဦး သေဆုံးခဲ့သည်။

**၂၃,၈၇၀**

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၃,၈၇၀ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၄၉၅ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၆,၈၄၃ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

**၁၅၈ - ၄၂**

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူ ပေါင်း ၁၅၈ ဦးအထိ ရှိလာပြီဖြစ်သည်။ ယင်းအနက် မျက်ကွယ် သေဒဏ်ချခံရသူပေါင်း ၁၂၂ ဦး ပါဝင်ကာ ၁၅၈ ဦးမှာ နိုင်ငံ တစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

**မန္တလေး - ၄,၅၁၁**

စစ်တပ်အာဏာသိမ်းယူရန် ကြိုးပမ်းချိန်မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်အထိ မန္တလေးတိုင်းအတွင်း အကြမ်းဖက်စစ်က ဖမ်းဆီးခဲ့သည့် အရပ်သားပြည်သူနှင့် ဒီမိုကရေစီရေးတက်ကြွ လှုပ်ရှားသူများမှာ ၄,၅၁၁ ဦးအထိ ရှိသည်။ ၎င်းအနက် ၄,၂၁၀ ဦးမှာ လက်ရှိအချိန်အထိ ထိန်းသိမ်းခံထားရဆဲ ဖြစ်ကာ ၂,၆၅၄ ဦးမှာ မတရားပုဒ်မများဖြင့် ထောင်ဒဏ်ချမှတ်ခံရထားရသည်။

**၃၈၄ = ၁၄၈/၁၃၄**

မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်စစ်အုပ်စုနှင့် ရဲတပ်ဖွဲ့ဝင်များကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်အထိ ဒီမိုကရေစီရေး လှုပ်ရှားသူနှင့် အပြစ်မဲ့ပြည်သူပေါင်း ၃၈၄ ဦးအထိ သေဆုံးခဲ့သည်။ ၎င်းအနက် ၁၄၈ ဦးမှာ ပစ်ခတ် ဖြိုခွင်းခံရမှုများအတွင်း သေဆုံးရခြင်းဖြစ်ကာ ၁၃၄ ဦးမှာ ဖမ်းဆီးထိန်းသိမ်း ခံရပြီးနောက် ရက်စက်စွာ သတ်ဖြတ်ခံခဲ့ ရခြင်း ဖြစ်သည်။

**မြင်းခြံထောင် - ဦးစိန်ဝင်း**

မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ မကျီးစုကျေးရွာသား ဦးစိန်ဝင်း အား အကြမ်းဖက်စစ်အုပ်စုက ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် ဖမ်းဆီးပြီးနောက် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) တပ်ကာ ထောင်ဒဏ် သုံးနှစ်ချမှတ်၍ မြင်းခြံထောင်၌ ထိန်းသိမ်းထားစဉ် အစာအိမ်သွေးကြောပေါက် သေဆုံးသွားပြီ ဖြစ်သည်။ ၎င်းသေဆုံးကြောင်းအား ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ရဲစခန်းမှ မိသားစုထံ အကြောင်းကြားလာရာ မိသားစုက ကျန်ရှိသည့် ရုပ်အလောင်းအား မိသားစုထံ ပေးအပ်ရန် တောင်းဆိုခဲ့သော်လည်း ဇူလိုင်လ ၃ ရက်တွင် အကြမ်းဖက် စစ်အုပ်စုက ၎င်းတို့ကိုယ်တိုင် မီးသင်္ဂြိုလ်လိုက်ပြီ ဖြစ်သည်။

**ကိုးကား - AAPP**

